00307

MNTH MYANMAR NATIONAL TELECOM HOLDINGS PUBLIC CO.LTD.
Room (4), Building (4), MICT Park, Hlaing Campus, Yangon, Myanmar. Ph: +959 786732757

စာအမှတ်။ ။ MNTH /Corporate/33/2020 ။
ရက်စွဲ ။ ။၂၀၂၀ခုနှစ်၊ ဧပြီလ ၊ (၈) ရက်နေ့။

MYANMAR NATIONAL TELECOM HOLDINGS PUBLIC CO.LTD. No ........ Date ........ YANGON

သို့

ဥက္ကဋ္ဌ
မြန်မာအဂရိဘဝှနက် ပတ်ဘလစ် ကုမ္ပဏီလီမိတက်

အကြောင်းအရာ။ ။ မြန်မာအဂရိဘဝှနက် ပတ်ဘလစ် ကုမ္ပဏီလီမိတက်၏ အစုရှယ်ယာများ လွှဲပြောင်းမှု ကိစ္စရပ် တင်ပြလာမှုအပေါ်တွင် အကြောင်းပြန်ကြားခြင်း။

ရည်ညွှန်းချက်။ ။ မြန်မာအဂရိဘဝှနက် ပတ်ဘလစ် ကုမ္ပဏီလီမိတက်၏ ၂၀၂၀ ခုနှစ် မတ်လ (၁၈) ရက်နေ့ ရက်စွဲပါ စာအမှတ် MAPCO / AHR / MNTH / share (၁၁၆/၂၀၂၀) ။

၁။ အထက်ပါ ရည်ညွှန်းချက်စာအမှတ် လူကြီးမင်းတို့ကုမ္ပဏီ၏ မြန်မာနေရှင်နယ် တယ်လီကွန်း ဟိုးလ်ဒင်းစ် ပတ်ဘလစ် ကုမ္ပဏီလီမိတက်တွင် ပိုင်ဆိုင်သည့် မြန်မာကျပ်ငွေ ၁,၀၈၅,၇၃၆,၀၀၀ တိတိ တန်ဖိုးရှိ အစုရှယ်ယာအရေအတွက် စုစုပေါင်း (၁,၀၈၅,၇၃၆) စုအား Myanmar Technology Gateway Co.,Ltd သို့ လွှဲပြောင်းရောင်းချမှုကို စီစဉ်ဆောင်ရွက်နေကြောင်း သိရှိပါသည်။

၂။ မြန်မာနေရှင်နယ် တယ်လီကွန်း ဟိုးလ်ဒင်းစ် ပတ်ဘလစ် ကုမ္ပဏီလီမိတက်၏ ၂၀၂၀ ခုနှစ် မတ်လ (၃၁) ရက်နေ့ နံနက်(၉) နာရီ၌ ကျင်းပပြုလုပ်သော အထူးအထွေထွေအစည်းအဝေးတွင် အထက်ပါ အကြောင်းအရာအား တင်ပြဆွေးနွေး၍ အစုရှယ်ယာရှင်များထံမှ သဘောထားမှတ်ချက်ရယူ ကန့်ကွက်ရန် မရှိကြောင်း နှင့် အများပိုင်ကုမ္ပဏီမှ အစုရှယ်ယာများ လွှဲပြောင်းလျှင် လိုအပ်သော လုပ်ထုံးလုပ်နည်း လုပ်ငန်းစဉ်များကို ကုမ္ပဏီ၏အကြံပေးအဖွဲ့၏ အကြံပြုချက်ရယူဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

၃။ သို့ဖြစ်ပါ၍ ရောင်းသူဝယ်သူ နှစ်ဦးအကြားတွင် ငွေကြေးဆိုင်ရာကိစ္စရပ်များ ကျေလည်စွာ ဆောင်ရွက်ပြီးစီးသည့် အထောက်အထားများ ပေးပို့လာသည့်အပေါ်တွင်မူတည်၍ ကုမ္ပဏီမှတ်ပုံတင်ရုံးသို့ Online MyCO မှတ်ပုံတင်စနစ်ဖြင့် ဆက်လက် အမည်ပြောင်း မှတ်ပုံတင်ဆောင်ရွက်ရန် ကူညီပေးသွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းပြန်အပ်ပါသည်။

လေးစားစွာဖြင့်

MYA HAN
CHAIRMAN
MYANMAR NATIONAL TELECOM HOLDINGS
PUBLIC CO. LTD.

မိတ္တူ-

Myanmar Technology Gateway Co.,Ltd
ရုံးလက်ခံ

MAPCO Myanmar Agribusiness Public Company Limited
မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက်

စာအမှတ်၊MAPCO/AHR/MNTH/share(၁၁၆ / ၂၀၂၀)
ရက်စွဲ ၊၂၀၂၀ခုနှစ်၊မတ်လ ၁၈ ရက်

သို့

Chairman
Myanmar National Telecom Holding Public Limited(MNTH)

အကြောင်းအရာ။ **MAPCO ၏ အစုရှယ်ယာများ လွှဲပြောင်းရောင်းချလိုခြင်း ကိစ္စအပေါ်အသိပေး တင်ပြခြင်းနှင့် လွှဲပြောင်းမှုကိစ္စရပ်များ ကူညီဆောင်ရွက် ပေးပါရန်မေတ္တာ ရပ်ခံခြင်း**

၁။ မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကုမ္ပဏီလီမိတက် (MAPCO) သည် MNTH ကို စတင် တည်ထောင် သည့် ၂၀၁၅ခုနှစ်မှ စတင်ကာ ဖွန်လ၊၂၀၁၉ခုနှစ်အထိ မြန်မာ ကျပ်ငွေ ၁,၀၈၅,၇၃၆,၀၀၀ တိတိ တန်ဖိုးရှိသည့် အစုရှယ်ယာအရေအတွက် စုစုပေါင်း (၁,၀၈၅,၇၃၆) စု အား ထည့်ဝင်ထားလျက်ရှိပါသည်။

၂။ MAPCO ၏ အစုရှယ်ယာများအားလုံးကို Myanmar Technology Gateway Co.,Ltd သို့ ဖြစ်စေ၊ အခြားအဖွဲ့အစည်း (သို့မဟုတ်) လူပုဂ္ဂိုလ်ထံသို့ ဖြစ်စေ လွှဲပြောင်းရောင်းချနိုင်ရန် MAPCO ၏ ဒါရိုက်တာ အဖွဲ့ ၏ ဆုံးဖြတ်ချက်အရ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ထိုသို့ အစုရှယ်ယာလွှဲပြောင်း ရောင်းချမှု အား MNTH ၏ ဒါရိုက်တာအဖွဲ့မှ သိရှိနိုင်ပါရန်နှင့်လုပ်ထုံးလုပ်နည်းနှင့်အညီ ကူညီ ဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံ ပန်ကြား အပ်ပါသည်။

ဦးချစ်ခိုင်
ဥက္ကဌ
ဒါရိုက်တာအဖွဲ့

မိတ္တူကို - <u>မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက် (MAPCO)</u>

- ဒါရိုက်တာအဖွဲ့ဝင်များအားလုံး
- Chief Administration Officer
- Chief Financial Officer
- Chief Investment Officer
- ရုံးလက်ခံ